# မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုယန္တရား

# အချက်အလက် စာစောင်

## မြန်မာနိုင်ငံဆိုင်ရာ ယန္တရားဆိုတာ ဘာလဲ။

ယန္တရားသည် အဖွဲ့အစည်း တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံတွင် (၂၀၁၁) ခုနှစ်မှစ၍ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ အကြီးလေးဆုံး အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှု ကျူးလွန်ခံရသူများနှင့် ကျူးလွန်ခံရခြင်းမှ အသက်ရှင်ကျန်ရစ်သူများ အတွက် တရားမျှတမှုနှင့် တာဝန်ခံမှုကို မြှင့်တင်ပေးရန်အတွက် ဖွဲ့စည်းခဲ့သည်။ (၂၀၁၉) ခုနှစ်၊ ဩဂုတ်လမှ စတင်၍ ယန္တရားသည် ၎င်း၏ လုပ်ငန်းများကို စတင်လုပ်ဆောင်ခဲ့သည်။

ယန္တရားကို ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ က (၂၀၁၈) ခုနှစ်၊ စက်တင်ဘာလတွင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် တို့တွင် ကြီးလေးသော အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုမြောက်သည့် ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများရှိကြောင်း အစီရင်ခံစာများ ထွက်လာမှုကို တုံ့ပြန်သောအားဖြင့် ယန္တရားကို ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။

ထိုသို့သော ရာဇဝတ်မှုများနှင့် သက်ဆိုင်သည့် သက်သေခံ အထောက်အထားများကို ပျောက်ကွယ်သွားခြင်း၊ ထိန်ချန်ဖုံးကွယ်ထားခံရခြင်း၊ သို့မဟုတ် ဖျက်ဆီးခံရခြင်းတို့မှ တားဆီးရန်အတွက် စုဆောင်း ထိန်းသိမ်းထားရန် အလွန်အရေးကြီး ပါသည်။ ဤသို့အားဖြင့် မြောက်မြားစွာသော အတိဒုက္ခ ကျူးလွန်ခံခဲ့သည့် သူများအား နောက်ဆုံးတွင် တရားစွဲဆိုနိုင်ပြီး၊ တရားမျှတမှုကို ဆောင်ကျဉ်းပေးနိုင် ပါလိမ့်မည်။

## မြန်မာနိုင်ငံဆိုင်ရာ ယန္တရားက ဘာလုပ်လဲ။

၁။ ယန္တရားသည် မြန်မာနိုင်ငံ၌ (၂၀၁၁) ခုနှစ်မှစ၍ ကျူးလွန်ခဲ့သည့် အကြီးလေးဆုံး အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေ ချိုးဖောက်မှုများနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ၊ စာရွက်စာတမ်းများနှင့် သက်သေခံ အထောက်အထားများကို **စုဆောင်း**သည်၊ **ထိန်းသိမ်း**သည်။

၂။ ယန္တရားသည် စုဆောင်းထားသည့် သက်သေခံ အထောက်အထားများကို **စိစစ်သုံးသပ်**ပြီး၊ ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုအမျိုးအစားနှင့် ထို ရာဇဝတ်မှုများအတွက် တာဝန်ရှိ ပုဂ္ဂိုလ်ကို ဖော်ထုတ် သတ်မှတ်သည်။ သက်သေခံ အထောက်အထားများကို အမှုတွဲများ ကြိုတင်ပြင်ဆင်ရန်အတွက်လည်း အသုံးပြုသည်။

‘ဤစာမျက်နှာကို ၂၀၂၂ ဖေဖော်ဝါရီ ၂၂ ရက်နေ့တွင် နောက်ဆုံး ပြင်ဆင်ရေးသားထားသည်။’

၃။ ယန္တရားသည် သက်သေခံ အထောက်အထားများနှင့် အမှုတွဲများကို အပြည်ပြည်ဆိုင်ရာ ဥပဒေ စံနှုန်းများနှင့် ကိုက်ညီပြီး၊ သေဒဏ် ပြစ်ဒဏ် မချမှတ်သည့် နိုင်ငံတွင်း၊ ဒေသတွင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ တရားရုံးများ သို့မဟုတ် ခုံရုံးများက မျက်မြင်သက်သေများနှင့် နစ်နာသူများ၏ ဘေးကင်းလုံခြုံရေးနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ လျှို့ဝှက်ထားရမည့်ကိစ္စများကို လေးစားသည်ဟု ယန္တရားက စိတ်ချ ယုံကြည်ရသည့်အခါ **<u>မျှဝေပေး</u>**သည်။

၄။ ယန္တရားသည် ကျူးလွန်ခံရခြင်းမှ ရှင်ကျန်ရစ်သူများ၊ အရပ်ဘက် အဖွဲ့အစည်းများနှင့် အများပြည်သူတို့အပါအဝင်၊ သက်ဆိုင်ရာ ပါဝင်ပတ်သက် သူများအား ၎င်း၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းအကြောင်းကို **<u>ရှင်းလင်းပြောပြ</u>**သည်။ သူတို့နှင့် **<u>ဆက်သွယ် ဆောင်ရွက်</u>**သည်။

## မြန်မာနိုင်ငံဆိုင်ရာ ယန္တရားက ဘာကို စုံစမ်းစစ်ဆေးလဲ။

ယန္တရားသည် မြန်မာနိုင်ငံ၌ (၂၀၁၁) ခုနှစ်မှစ၍ ကျူးလွန်ခဲ့သည့် အကြီးလေးဆုံး အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေ ချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးသည်။ စုံစမ်းစစ်ဆေးခြင်းကို မြန်မာနိုင်ငံ၏ နေရာအချို့တွင် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများကိုသာ ကန့်သတ်ပြီး စုံစမ်းသည်မဟုတ်ပါ။ နိုင်ငံ၏ မည်သည့် နေရာတွင်မဆို ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများကို စုံစမ်းနိုင်သည်။ ယန္တရားသည် ဘက်လိုက်မှုမရှိဘဲ၊ သီးခြားလွတ်လပ်သည်။ ရာဇဝတ်မှုများကို နစ်နာသူများ သို့မဟုတ် ကျူးလွန်သူများ၏ လူမျိုးစုဖြစ်မှု၊ နိုင်ငံသားဖြစ်မှု၊ လူမျိုး သို့မဟုတ် ကိုးကွယ်ရာဘာသာ ဖြစ်မှုတို့နှင့် မသက်ဆိုင်စေဘဲ စုံစမ်းစစ်ဆေးပါမည်။ ယန္တရားသည် မြန်မာနိုင်ငံ၌ (၂၀၁၁) ခုနှစ်မှ စတင်သည့် အခြေအနေများအပြင်၊ လက်ရှိဖြစ်ပွားလျက်ရှိသည့် အခြေအနေများနှင့် အနာဂတ် အခြေအနေများကိုလည်း စုံစမ်းစစ်ဆေးနိုင်သည်။

## မြန်မာနိုင်ငံနှင့် ပတ်သက်၍ လုပ်ကိုင်လျက်ရှိသည့် အခြား ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် ယန္တရား ဘယ်လို ကွာလဲ။

မြန်မာနိုင်ငံရှိ လူ့အခွင့်အရေး အခြေအနေနှင့် ပတ်သက်သည့် အထူးကိုယ်စားလှယ်သည် နိုင်ငံတွင်းရှိ လူ့အခွင့်အရေး အခြေအနေကို စောင့်ကြည့်ပြီး၊ ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီသို့ အစီရင်ခံစာ တင်သွင်းသည်။ ယင်း အထူးကိုယ်စားလှယ်သည် အများပြည်သူသိစေရန် ထုတ်ပြန်ချက်များ၊ မြန်မာနိုင်ငံ အစိုးရနှင့် တရားဝင် ဆက်သွယ်မှုများကိုလည်း ထုတ်ပြန် ကြေညာသည်။

မြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ လုပ်ကိုင်နေသည့် အခြားသော ကမ္ဘာ့ကုလသမဂ္ဂ ကိုယ်စားလှယ်ရုံး သို့မဟုတ် အဖွဲ့အစည်း များလည်း ရှိသည်။ ဥပမာ - လူ့အခွင့်အရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂ မဟာမင်းကြီးရုံး (UN Office of the High Commissioner for Human Rights, OHCHR) ကို ကမ္ဘာတစ်ဝန်းရှိ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ပတ်သက်၍

ဘက်မလိုက်ဘဲ ထုတ်ဖော်ပြောဆိုရန် တာဝန်ပေးထားသည်။ ဒုက္ခသည်များအတွက် ကမ္ဘာ့ကုလသမဂ္ဂ မဟာမင်းကြီး (The UN High Commissioner for Refugees, UNHCR) သည် ဒုက္ခသည်များ၊ ခိုလှုံခွင့်တောင်းခံသူများ၊ ပြည်တွင်းတွင် နေရပ်စွန့်ခွာ ထွက်ပြေးရသူများနှင့် နိုင်ငံမဲ့ဖြစ်သူများအား ကူညီပံ့ပိုးပေးသည်။ ကမ္ဘာ့ကုလသမဂ္ဂ ဖွံ့ဖြိုးရေး အစီအစဉ် (The UN Development Programme, UNDP) နှင့်၊ မူးယစ်ဆေးနှင့် ရာဇဝတ်မှုဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂရုံး (UN Office on Drugs and Crime, UNODC) တို့သည် မြန်မာနိုင်ငံရှိ ဥပဒေနှင့် တရားရေးဆိုင်ရာ ဌာနများ ပိုမို ခိုင်မာလာစေ ရန် ကူညီပေးသည်။

## မြန်မာနိုင်ငံနှင့် ပတ်သက်ပြီး အခြားသော တာဝန်ခံမှုဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ယန္တရား ဘယ်လိုကွာလဲ။

(၂၀၁၉) ခုနှစ်၊ သြဂုတ်လတွင် မြန်မာနိုင်ငံဆိုင်ရာ အချက်အလက် ရှာဖွေရေး မစ်ရှင် (UN Fact-Finding Mission on Myanmar, FFM) ၏ အလုပ် ပြီးဆုံးသည်။ ၎င်း ထံမှာ အချက်အလက် အထောက်အထားများကို ယန္တရားက လက်ခံ ရရှိခဲ့သည်။ FFM က လူ့အခွင့်အရေး အခြေအနေကို အစီရင်ခံစာ ထုတ်ပြန်ရန် အဓိက အလေးထား လုပ်ဆောင်ခဲ့သည်။ သို့သော်လည်း ယန္တရားက ပြစ်မှုကျူးလွန်သူ ပုဂ္ဂိုလ်တစ်ဦးချင်းစီ ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအတွက် တာဝန်ခံမှုရှိအောင် အလေးထား ဆောင်ရွက်ရန်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် သက်သေပြရန် ပို၍မြင့်မားသော စံနှုန်းလိုအပ်ပြီး၊ အချိန်ပိုမိုကြာရှည်ကာ၊ ပိုမို ရှုပ်ထွေးသည့် ဥပဒေ လုပ်ထုံးလုပ်နည်းများ ပါဝင်သည်။

ယန္တရားသည် အမှုအခင်း စစ်ဆေးစီရင်မှုများ စီရင်နိုင်သည့် တရားရုံးတစ်ခု မဟုတ်ပါ။ သို့မဟုတ် ပြစ်မှုကျူးလွန်သူ တစ်ဦးချင်းအား တရားစွဲဆိုနိုင်သည့် တရားလိုဘက် ရှေ့နေရုံးခန်း တစ်ခု မဟုတ်ပါ။ သို့သော်လည်း ယန္တရားက ပြင်ဆင်ပေးသည့် အမှုတွဲများကို စီရင်ပိုင်ခွင့်ရှိသည့် တရားစွဲ အမှုလိုက်ရှေ့နေများနှင့် တရားရုံး အာဏာပိုင်များက အသုံးပြုနိုင်ပါသည်။ ယန္တရားသည် အပြည်ပြည်ဆိုင်ရာ ခုံရုံး၊ ဒေသဆိုင်ရာတရားရုံး သို့မဟုတ် စီရင်ပိုင်ခွင့် အာဏာ ရှိသည့် နိုင်ငံတွင်း တရားရုံး စသည့် သင့်တော်ရာနေရာနှင့် မည်သည့်နေရာတွင် မဆို တရားမျှတမှုနှင့် တာဝန်ခံမှုကို မြှင့်တင်ရန် ဆောင်ရွက်သည်။

အပြည်ပြည်ဆိုင်ရာ တရားရုံး (International Court of Justice, ICJ) တွင် ဂမ်ဘီယာနိုင်ငံသည် မြန်မာနိုင်ငံအပေါ် တရားစွဲဆိုထားသည်။ မြန်မာနိုင်ငံ လုံခြုံရေးတပ်ဖွဲ့များက ရိုဟင်ဂျာလူမျိုးများအား လူမျိုးတုံးလုပ်ဆောင်ခြင်း တားဆီးရေးစာချုပ် (Genocide Convention) ကိုဖောက်ဖျက်၍၊ လူမျိုးတုံးစေသည့် လုပ်ရပ်များ ကျူးလွန်ခဲ့သည်ဟု စွပ်စွဲခြင်းဖြစ်သည်။ အဆိုပါ ICJ အမှုသည် ပြစ်မှု ကျူးလွန်သူများအပေါ် တရားစွဲဆိုခြင်း ဆိုသည်ထက်၊ နိုင်ငံတစ်ခုအနေဖြင့် လိုက်နာရမည့် တာဝန်နှင့်ဆိုင်၍ နိုင်ငံများအကြား တရားစွဲဆိုခြင်းဖြစ်သည်။ ယန္တရားသည် ဤအမှုအခင်းနှင့် စပ်ဆိုင်သည့် သက်သေခံ အထောက်အထားများကို ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံ နှစ်နိုင်ငံလုံးသို့ မျှဝေပေးလျက်ရှိသည်။

'ဤစာမျက်နှာကို ၂၀၂၂ ဖေဖော်ဝါရီ ၂၂ ရက်နေ့တွင် နောက်ဆုံး ပြင်ဆင်ရေးသားထားသည်။'

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး (International Criminal Court, ICC) တွင်လည်း စုံစမ်းဆဲဖြစ်သည့် စွဲချက်တစ်ခု ရှိသည်။ ရိုဟင်ဂျာလူမျိုးများအား မြန်မာနိုင်ငံမှ အိမ်နီးချင်းနိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ အတင်းအကျပ် နှင်ထုတ်ခြင်းနှင့် စပ်လျဉ်းသည့် စွဲချက်ဖြစ်သည်။ ယန္တရားကို ပေးအပ်ထားသော လုပ်ပိုင်ခွင့် တစ်စိတ်တစ်ပိုင်းမှာ ICC နှင့် ပူးပေါင်း ဆောင်ရွက်ရန်ဖြစ်သည်။

## မိမိအနေဖြင့် မြန်မာနိုင်ငံဆိုင်ရာ ယန္တရားသို့ သတင်းအချက်အလက် ဘယ်လိုပေးပို့ နိုင်မလဲ။

သင့်အနေဖြင့် သတင်းအချက်အလက်တွေကို ပေးပို့လိုလျှင် ယန္တရားအား ဖုန်းနံပါတ် +41 76 691 12 08 သို့ Signal app အသုံးပြု၍ ဖြစ်စေ၊ သို့မဟုတ် **contact@myanmar-mechanism.org** အီးမေးလ်သို့ ဖြစ်စေ ဆက်သွယ် နိုင်ပါသည်။ သင်ပေးပို့သော  သတင်း အချက်အလက်များကို မည်သို့ အသုံးပြုမည့် အကြောင်းနှင့် သင်သည် မည်သူမည်ဝါ ဖြစ်ကြောင်းကို ကာကွယ်ပေးထားရန် လိုလားခြင်း ရှိ၊ မရှိကို ဆွေးနွေးနိုင်သည်။ ယန္တရားအား ဆက်သွယ်လျှင် သင့်ကို ပြန်လည် ဆက်သွယ်ရမည့် အသေးစိတ်အချက်များကို ထည့်သွင်းပေးပါ။

Signal account ၊ Protonmail account ဖွင့် ရန် ပိုမို သိရှိလိုပါက အထက်ပါ လင့်ခ် များမှ သိရှိနိုင်ပါသည်။

သတင်းအချက် လုံခြုံ မှု့အတွက် ပေးပို့ လာသော အချက်အလက်များအား ပေးပို့ သော ဆက်သွယ်ရေး ပစ္စ ည်းများမှ ဖြတ်ပြစ် ရန် သတိပြု ပါ။

ယန္တရားသို့ သတင်းအချက်အလက် ပေးအပ်သည့်သူများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ လျှို့ဝှက်ထားရမည့် ကိစ္စနှင့် လုံခြုံမှုကို

Information on how to install **Signal on Android** phones

https://ssd.eff.org/en/module/how-use-signal-android

Information on how to install **Signal for iPhones**

https://ssd.eff.org/en/module/how-use-signal-ios

Information on how to install and create a **ProtonMail** account

https://protonmail.com/bridge/install

ကာကွယ်ပေးရန် အရေးကြီးကြောင်းကို ယန္တရားအနေဖြင့် သဘောပေါက် နားလည်ပါသည်။ သင် ပေးအပ်သည့် သတင်းအချက်အလက်များ သို့မဟုတ် သင် မည်သူမည်ဝါ ဖြစ်ကြောင်း စသည့် အချက်လက်ကို သင့် သဘောတူညီချက် မရှိဘဲ ယန္တရားသည် မည်သူ့ကိုမှ မျှဝေမည် မဟုတ်ပါ။

ယန္တရားအကြောင်း ပို၍ သိရှိလိုသော သတင်း အချက်အလက်များရှိပါက ဤ ဝက်ဘ်ဆိုက် **iimm.un.org** သို့မဟုတ် **facebook.com/MyanmarMechanism** တွင်ကြည့်ပါ။

'ဤစာမျက်နှာကို ၂၀၂၂ ဖေဖော်ဝါရီ ၂၂ ရက်နေ့တွင် နောက်ဆုံး ပြင်ဆင်ရေးသားထားသည်။'